
စိတ်ကူးချိုချိုအနုပညာ



# ဂျာနယ်ကျော်မမလေး

## စာအုပ်အမှာစာများနှင့်
## စာအုပ်ဝေဖန်ချက်

mgyoe.com

ဖျာပုံမောင်ဆွေနွယ် ၏ နံ့သာမိုးကဗျာများ

ဗန်းမော်တင်အောင် ၏ ဘုန်းမောင့်တစ်ယောက်ထဲရယ်

ဂျာနယ်ကျော်ဦးတင့်ဆွေ ၏ သတင်းစာအခြေခံပညာ

ငွေနှင်းစိုစို မော်စကို

ဒဂုန်တာရာ ၏ ဒဂုန်တာရာ

ပုဂ္ဂလပညတ်သုံးစောင်တွဲကျမ်း

ဟံသာဝတီ ဦးဝင်းတင် ၏ ကွိ

အဌမုခ၊ ဓာတုဝိတ္ထာရ ဓာတုဝိဘာဂဒီပနီ သုံးစောင်တွဲကျမ်း

. . . . . . . . . . . . . . . . . . . . စာအုပ်များမှ


ဂျာနယ်ကျော်မမလေး၏ အမှာစာများနှင့်

ဒဂုန်တာရာ ၏ မေ စာအုပ်အပေါ်

ဂျာနယ်ကျော်မမလေး၏ ထင်မြင်ချက်

## ဂျာနယ်ကျော်မမလေး

စာအုပ်အမှာစာများနှင့်
စာအုပ်ဝေဖန်ချက်



mgyoe.com

စာအုပ်အမှာစာများနှင့်စာအုပ်ဝေဝန်ချက်၊ ဂျာနယ်ကျော်မမလေး
စာမျက်နှာ ၆၂ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# စာအုပ်အမှာစာများနှင့် စာအုပ်ဝေဖန်ချက်

## ဂျာနယ်ကျော်မမလေး

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

မှုရင်းစာအုပ်များပါ ကလောင်အမည်အညွှန်းများအတိုင်းသာ
ပြန်လည်သုံးနှုန်းဖော်ပြထားပါသည်။

mgyoe.com

mgyoe.com

# မာတိကာ

စာအုပ်အမှာစာများ


၁။ ဖျာပုံမောင်ဆွေနွယ် – နံ့သာမိုးကဗျာများ စာအုပ်မှ
ဂျာနယ်ကျော်မမလေး၏ အမှာ ၁

၂။ ဗန်းမော်တင်အောင် – ဘုန်းမောင့်တစ်ယောက်ထဲရယ်
စာအုပ်မှ ဂျာနယ်ကျော် ဦးချစ်မောင်ဇနီး၏ နိဒါန်း ၃

၃။ ဂျာနယ်ကျော်ဦးတင့်ဆွေ – သတင်းစာအခြေခံပညာ
စာအုပ်မှ ဂျာနယ်ကျော်မမလေး၏ အမှာ ၆

၄။ ငွေနှင်းစိုစို မော်စကို စာအုပ်မှ စာရေးသူ၏ အမှာ ၁၂

၅။ ဒဂုန်တာရာ – ဒဂုန်တာရာ စာအုပ်မှ
ဂျာနယ်ကျော်မမလေး၏ အမှာ ၁၇

၆။ ဂျာနယ်ကျော်မမလေး – ပုဂ္ဂလပညတ်သုံးစောင်တွဲကျမ်း
စာအုပ်မှ ဂျာနယ်ကျော်မမလေး၏ အမှာ ၃၄

၇။ ဟံသာဝတီ ဦးဝင်းတင် – ကြို စာအုပ်မှ
ဂျာနယ်ကျော်မမလေး၏ အမှာ ၃၈

၈။ အဋ္ဌမုခ၊ ဓာတုဝိတ္ထာရ ဓာတုဝိဘာဂဒီပနီ
သုံးစောင်တွဲကျမ်း စာအုပ်မှ အမှာ ၅၆


---

စာအုပ်ဝေဖန်ချက်


၉။ ဒဂုန်တာရာ၏ မေနှင့် စာအုပ်ထင်မြင်ချက် ၅၉


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဖျာပုံမောင်ဆွေနွယ် - နံ့သာမိုးကဗျာများ စာအုပ်မှ
ဂျာနယ်ကျော်မမလေး၏ အမှာ

ကဗျာသည် ခေတ်နှင့်ကိုက်ညီသည့် အယူအဆများပေါ်၌ ရပ်တည်၍ ခံစားချက်များမှ ထွက်ပေါ်လာသော အတွေးကို ပိုင်နိုင်စွာ သရုပ်ဖော်မှသာလျှင် ကဗျာ၏စွမ်းအင်ကို ပို၍ ပေါ်လွင်စေမည်ဖြစ်သည်။

မျက်မှောက်ပြုနေရသောခေတ်၏ ကောင်းကျိုးဆိုးကျိုးနှင့် တိုးတက်ဖွံ့ဖြိုးမှုများကို ဖော်ကျူးဖွဲ့နွဲ့လိုသည့် ကဗျာစာဆို၏ စေတနာသည် သူ၏ နှလုံးသားအတွင်းမှ ယိုစိမ့်စီးကျလာသည့်အချိန်၌ ထက်မြက်ပြောင်မြောက်သော ကဗျာများကို ဖွဲ့ဆိုတတ်လေသည်။

ဤကဗျာစာအုပ်ကလေးကို ပြုစုသော ကဗျာရှင် ဖျာပုံမောင်ဆွေနွယ်သည် စာဖတ်သူ၏စိတ်ထဲ၌ ကွင်းကွင်းကွက်ကွက် ပေါ်လာစေရန် ပိုင်နိုင်သောအတွေးအခေါ်နှင့် ပြည့်ဝသောရသကို ဆောင်ရန် ကြိုးပမ်းသီကုံးတင်ပြသောကြောင့် စိတ်ဝင်စားမိသည်။

mgyoe.com

mgyoe.com


ကျွန်မသည် ကဗျာရှင်မဟုတ်သော်လည်း ကဗျာများကို ဖတ်ချင်လိုစိတ်မှာ ပြင်းပြမြဲဖြစ်သည်။ ကဗျာတစ်ပုဒ်ကိုဖတ်လျှင် ကဗျာရှင်၏ အတွေးအခေါ်မှန်ကန်မှု၊ နက်ရှိုင်းမှု ရှိ မရှိ ပထမ ဆန်းစစ်မိသည်။ စကားလုံးနှင့် ဖွဲ့စည်းသိုင်းဝိုင်းပုံများကိုလည်း သတိပြုကြည့်သည်။ ထို့အပြင် အရေးအသား သီကုံးဖွဲ့နွဲ့ပုံကို စံနှုန်းပြည့် မပြည့်လည်း စိစ်ကြောသုံးသပ်မိသည်။

ဘဝအတွေ့အကြုံရင့်သန်၍ ထိုရင့်သန်မှုကို အခြေခံကာ ဘဝ၏ အတွင်းပိုင်းကျကျများကို လေ့လာရှုမြင်လျက် သူ၏ စစ်မှန်သောအတွေးအခေါ်၊ အဘက်ဘက်မှပြည့်စုံသည့် စကားလုံးဝေါဟာရတို့ဖြင့် မွမ်းမံထားသောကဗျာများကို ဖတ်ရှုရလျှင် ကျွန်မမှာ ထိုကဗျာတို့ကို စွဲလမ်းနှစ်သက်လွန်း၍ ကဗျာကောင်း ကဗျာညွန့် တစ်ပုဒ်အနေဖြင့် စံတင်မိတော့သည်။

ဤကဗျာစာအုပ်ကလေး၌ ခေတ်၏အပေါ်ယံ သာမန်ရှုမြင်ပုံ ရှုမြင်နည်းဖြင့် တင်ပြရေးသားချက်များကို မတွေ့ရှိရပေ။ ခေတ်နှင့်လျော်စွာ သူ၏ခံစားချက်များကို ရှင်းရှင်းရိုးရိုးကလေးနှင့် တိုးလျှိုပေါက်မြင်နိုင်အောင် သရုပ်ဖော်ရေးဖွဲ့သီကုံးထား၍ ကဗျာဖတ်သူအား ဆွဲဆောင်နိုင်စွမ်းရှိပါပေသည်။

၃-၆-၆၇

❑

mgyoe.com

mgyoe.com

## ဖန်းမော်တင်အောင် - ဘုန်းမောင့်တစ်ယောက်ထဲရယ် စာအုပ်မှ ဂျာနယ်ကျော် ဦးချစ်မောင်ဇနီး၏ နိဒါန်း

ဤဝတ္ထု၏ စာမျက်နှာတွင် ကျွန်မ ဘာကြောင့် ဝင်ရောက်၍ ရေးရသည်ကို စာဖတ်ပရိသတ်များအား ပထမ ရှင်းလင်းဖော်ပြရလိမ့်မည်။

ဤဝတ္ထု၏နိဒါန်းကို စာရေးဆရာ ဖန်းမော်တင်အောင် မူလ ရည်ရွယ်ရင်းရှိသည်မှာ ကျွန်မ၏ခင်ပွန်းသည် ဂျာနယ်ကျော် ဦးချစ်မောင် ရေးရန် မှန်း၍ ထားလေသည်။ ဤဝတ္ထုကြီး ပြီးဆုံးသွားသည့်အခါ၌ ဦးချစ်မောင် ကွယ်လွန်သွားပြီဖြစ်သည့်အတွက် ဦးချစ်မောင်ကိုယ်စား ဦးချစ်မောင်ဇနီးအဖြစ်နှင့် ကျွန်မအား နိဒါန်းရေးပေးရန် လာရောက်ပြောလာလေသည်။

ဦးချစ်မောင်ဇနီးအဖြစ်နှင့် နိဒါန်းရေးပေးရန်ဆိုသောအခါ၌ မြန်မာနိုင်ငံတွင် ကျော်ကြားထင်ရှားသွားသော စာရေးဆရာ၊ အယ်ဒီတာ စာပေဗိသုကာဆရာကြီး၏လက်ရာနိဒါန်းမျိုးကဲ့သို့ မည်သည့်နည်းနှင့်မျှ တူညီ

mgyoe.com

စံမိအောင် လက်စွမ်းမထက်နိုင်သောကြောင့် ထိုပုဂ္ဂိုလ်ကြီး ဝင်ရောက် ရေးသားရန် လျာထားသော နိဒါန်းကွက်လပ် စာမျက်နှာလွတ်ပေါ်တွင် မင်စက်မင်ကြောင်းများနှင့်သာလျှင် ဖြည့်စွက်ရေးသားလိုက်ရသည်ဖြစ်၍ နိဒါန်းရေးသည်ဟု မှတ်ဖို့ရာမဟုတ်ဘဲ ကျွန်မအမြင်ကို ကျွန်မ ရေးသား ဖော်ပြသွားသည်သာ ဖြစ်ပေသည်။

ဤဝတ္ထုကြီးကို အစ၊ အလယ်၊ အဆုံး သုံးပိုင်းပိုင်း၍ တစ်ပိုင်းစီ ဖတ်ကြည့်သည့်အခါ၌ ဝတ္ထုတစ်ပုဒ် ထိုင်ဖတ်နေရသလို မခံစားရဘဲ ဆေးရောင်စုံနုနုဖြင့် ခြယ်လှယ်ဆွဲထားသော ရေဆေးပန်းချီကားကြီး တစ်ကားကို ထိုင်ကြည့်နေရသကဲ့သို့ ဖြစ်နေလေသည်။

ဘယ်အမျိုးအစား ပန်းချီကားမျိုးမဆို တတ်သိနားလည် ကျွမ်းကျင်သည့်သူပင်ဖြစ်စေ၊ မတတ်သိ မကျွမ်းကျင်သည့်သူပင် ဖြစ်စေ မိမိတို့ ကြည့်ရသည့်ကားကို လိုသည်၊ ပိုသည်၊ လှသည်၊ ဆိုးသည်၊ နသည်၊ ကြမ်းသည်၊ သဘာဝကျသည်၊ မကျသည်၊ အဓိပ္ပာယ်ရှိသည်၊ မရှိသည်များကို ဆိုပြောခွင့် ပေးရစမြဲဖြစ်ရကား 'ဘုန်းမောင့်တစ်ယောက် ထဲရယ်' ခေါ်သော ဤကားကြီးကို အနုစိတ်၍ ကြည့်လိုက်ရသော ကျွန်မ အတွက်မှာမူ အပိုအလို ဟူ၍မရှိဘဲ ပကတိသဘာဝကျ၍ ဆိုလိုချင်သည့် အဓိပ္ပာယ်တွေကို ရုပ်လုံးပေါ်အောင် သရုပ်ဖော်သွားသည့်နေရာတွင် ကားကြီးတစ်ကားလုံး နင့်နေအောင် ဖွဲ့နွဲ့လျက် မှုန်းထားနိုင်သောကြောင့် ဗန်းမော်တင်အောင်၏ လက်စွမ်းထက်လှသည့် အလှဆုံးကားကြီးတစ် ကားဟု ဆိုရမည်ဖြစ်လေသည်။

တစ်ပိုဒ်ပြီးတစ်ပိုဒ် တစိမ့်စိမ့် စိုက်၍ကြည့်နေစဉ် ကျွန်မ မြင်ရ ထင်ရသလို ရေဆေးနှင့် အနုအလှ မဆွဲဘဲ ဤဇာတ်လမ်းကြီးအတိုင်းကို ဝါကျအသိအထား၊ စကားဆက် စကားစပ် စကားလုံးအသုံးနှုန်းတို့၌ ပြတ်ပြတ်သားသား ပေါ်ပေါ်ထင်ထင် ရင့်ရင့်ကျက်ကျက် တင်းတင်း

mgyoe.com

mgyoe.com


မာမာ ခံ့ခံ့ညားညားကြီးဖြစ်လေအောင် ဆီဆေးနှင့်သာ အတုံးလိုက် အတစ်လိုက် ပုံမှုန်းပြီး ဗန်းမော်တင်အောင် အခံ့ဆွဲလိုက်မည်ဖြစ်ပါက ဤကားကြီးတစ်ကားလုံးမှာ ယခုလို မျက်စိထဲတွင် ပေါ်လွင်ရုံမကဘဲ ကျွန်မအသည်းထဲ ဖျောက်ဖျက်၍မရအောင် စွဲနေလေမည်ဟု အာရုံပြောင်းသွားမိလေသည်။

ဤသို့ မိမိမြင်ရသည့်အဖြစ်မှ တစ်ဆင့်တက်၍ နိဒါန်းအဖြစ်သို့ ရောက်အောင် ရေးသားပေးဖို့ကိုမူ ကျွန်မခင်ပွန်းသည်အတွက် ရည်စူးထားသောနေရာတွင် ကွက်လပ်ဖြစ်မနေစေရန် သူဖြည့်မည့်စကားတွေ အစား တုံးတစ်ခု ဝင်၍ထားပေးသည်ထက် ပိုမို၍ မဝံ့စားသောကြောင့် ဦးချစ်မောင်သာရှိခဲ့လျှင် ဤနေရာ၌ မည်ကဲ့သို့ နိဒါန်းမျိုး ရေးပြလိမ့်မည်ကို စာဖတ်ပရိသတ်ကြီးများ မိမိဘာသာ ခန့်မှန်းကြည့်ကြပြီးလျှင် ဝတ္ထုကောင်းတစ်ပုဒ်အတွက် နိဒါန်းကောင်းတစ်ခုကို တမ်းတမျှော်မှန်းတောင့်တကြဖို့ရန် သွားလေသူအတွက် နေရာစားချန်၍ ထားသည် ဖြစ်ပါသတည်း။

❑

mgyoe.com

mgyoe.com

ဂျာနယ်ကျော်ဦးတင့်ဆွေ - သတင်းစာအခြေခံပညာ စာအုပ်မှ
ဂျာနယ်ကျော်မမလေး၏ အမှာ

ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင် အယ်ဒီတာအဖွဲ့ဝင်ဖြစ်ခဲ့သော သတင်းထောက် ဦးတင့်ဆွေသည် သူ၏စာအုပ်ကြီး ပြုစုပြီးစီးသောအခါ ကျွန်မထံသို့လာရောက်၍ ဤစာအုပ်ကြီးအတွက် နိဒါန်းကို အိုးဝေသတင်းစာ အယ်ဒီတာ ရေးပြီးသဖြင့် အမှာရေးပေးရန် ဆိုလာပေသည်။

စာအုပ်ကြီးကို အချိန်ယူ၍ သုံးသပ်ဖတ်ရှုပြီးနောက် တိုင်းပြည်တွင် လောလောဆယ်လိုနေသည့် အရာတွေအနက် ဤစာအုပ်မျိုးတွေထွက်ပေါ်ဖို့ပါ အပါအဝင် ထားခဲ့သည့်အတိုင်း ကျွန်မ၏ဆန္ဒကို ဖြည့်စွက်ပေးလိုက်ရာ ရောက်နေသဖြင့် များစွာနှစ်သိမ့်အားရခြင်း ဖြစ်ရပေသည်။

သတင်းစာအခြေခံပညာနှင့် သတင်းစာဆရာ၏ လုပ်ငန်းရပ်ကြီးကား ကြီးလေးသောလုပ်ငန်းကြီးဟစ်ရပ် ဖြစ်ပေသည်။

စာဖတ်ပရိသတ်မှန်သမျှ တစ်စုံတစ်ခုသော အကြောင်းနှင့်

mgyoe.com

mgyoe.com


သတင်းစာတိုက်တစ်တိုက်ကို ရေးသားဆက်သွယ်ဖူးကြမည်သာ ဖြစ်ပေသည်။ တိုက်ရိုက် ကိုယ်တိုင် မဆက်သွယ်မိဖူးစေကာမူ သတင်းစာကိုကား နေ့နှင့်အမျှ ဖတ်မိကြပေလိမ့်မည်။ ထိုသို့ သတင်းစာဖတ်ရုံမျှနှင့်ပင် သတင်းစာတိုက်နှင့် တိုက်ရိုက်မဟုတ်စေကာမူ သွယ်ဝိုက်ပြီး ဆက်သွယ်ခြင်းရှိသည်ဟု ဆိုရပေမည်။

ယခုခေတ် ယခုကာလ၌ အကူးအသန်း အဆက်အသွယ် ပေါက်ရောက်လေသမျှ နေရာတိုင်း ပညာတတ်မှန်သမျှ သတင်းစာလုပ်ငန်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်နေကြသည်ကား အမှန်ဖြစ်လေသည်။

မိမိတို့ကိုယ်တိုင်က ဆက်သွယ်သည်ဖြစ်စေ၊ မဆက်သွယ်သည်ဖြစ်စေ သတင်းစာကား ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့် ဆက်သွယ်ပတ်သက်နေသည်ဖြစ်၍ သတင်းစာအကြောင်း၊ သတင်းစာအခြေခံရပ်များအကြောင်းကို လူတိုင်းပင် သိရှိသင့်အပ်ပေသည်။ သိရှိသင့်ထိုက်လှလေသည်။

သတင်းစာအခြေခံပညာရပ်တွေကို လေ့လာဆည်းပူးမည်ဆိုလျှင် ဤပညာရပ်တွင် အဖျင်းဆုံးအားဖြင့် အချက်နှစ်ချက်ရှိနေသည်။ ပထမအချက်မှာ နိုင်ငံရေးနှင့် ကမ္ဘာ့ရေးရာ အဖြာဖြာတို့ကို ကျွန်မတို့၏ လူမျိုး၊ ကျွန်မတို့၏ တိုင်းပြည်အတွက် သေချာစွာ စိတ်ဖြာခွဲခြား နားလည်အောင် ဆည်းပူးလေ့လာရမည်ဖြစ်ခြင်းဖြင့် တိုင်းပြည်အတွက် ကိုယ်ရေးကိုယ်တာ ကြုံလာလေသမျှကို အမြော်အမြင် အဆင်ခြင်ဉာဏ်နှင့် အကြံပေးနိုင်စေရန်ပင် ဖြစ်ပေသည်။ ဒုတိယအချက်မှာ ဤသို့ လေ့လာဆည်းပူးရ၍ ဗဟုသုတလည်းဖြစ်စေ၊ အချိန်ကိုလည်း အကျိုးရှိစွာ ကုန်လွန်စေသော ပထမအချက်မှ ပေါက်ဖွားဖြစ်ပေါ်သော အချက်ဖြစ်လာပေသည်။

mgyoe.com

mgyoe.com


လူသည် ကိုယ်တွေ့မျက်မြင် အကြုံအတွေ့များမှ သင်ခန်းစာ ထုတ်ယူ၍ လိမ္မာရေးခြားရှိသင့်သော သတ္တဝါဖြစ်လေသည်။ တိရစ္ဆာန် ထဲတွင် လူကဲ့သို့ပင် မိမိတို့ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ တွေ့ကြုံခံစားရမည့် အဖြစ်အပျက်အကြားထဲမှ သင်ခန်းစာထုတ်ယူနိုင်သော တိရစ္ဆာန်အချို့ ရှိလေသည်။ သို့သော် လူဖြစ်လျှင် ထိုသို့ သင်ခန်းစာထုတ်ယူနိုင်သော တိရစ္ဆာန်တို့ထက် သာလွန်သော အဆင်ခြင်ဉာဏ် ရှိသင့်လေသည်။ ကိုယ်တွေ့ထဲမှာသာမဟုတ်၊ သူတစ်ပါး၏အတွေ့အကြုံ အဖြစ်အပျက် များထဲမှလည်း မိမိအတွက်ဖြစ်စေ၊ တစ်ပါးသူ တစ်ဦးတစ်ယောက်၊ သို့မဟုတ် အများအတွက်ဖြစ်စေ၊ သင်ခန်းစာများ ထုတ်ယူနိုင်ရမည် ဖြစ်လေသည်။ သို့မှသာ တိရစ္ဆာန်ထက် သာလွန်သောအဆင့်အတန်း ရှိမည်ဖြစ်လေသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းတွင် အပြောင်းအလွဲ အဖြစ် အပျက်များသည် အဆက်မပြတ် တရစပ် ဖြစ်လိုက်ပျက်လိုက်နှင့် ရှိ၍ နေရာ ထိုစကားသည် လှည်းခေတ်လှေခေတ်ကပင် လွန်စွာဟုတ်မှန်ခဲ့ လျှင် ယခု မော်တော်ကားခေတ်၊ လေယာဉ်ပျံခေတ်၊ လျှပ်စစ်ခေတ်တွင် သာ၍ပင် ဟုတ်မှန်ရပေမည်။ ဟုတ်လည်း ဟုတ်မှန်လှလေသည်။

လူတစ်ယောက်အဖို့ပင် အပြောင်းအလဲ အဖြစ်အပျက်တို့ကို သိဖို့ သင့်သဖြင့် ဆင်ခြင်ဖို့ အလွန့်အလွန် လိုအပ်ခဲ့လျှင် နိုင်ငံတစ်ခုအတွက် အဘယ်မျှ ပိုမိုအရေးကြီးမည်ကို ချိန်ဆကြည့်ကြဖို့သာ ရှိတော့လေ သည်။

ကမ္ဘာ၏ အနေအထိုင် အဆင့်အတန်း အတွေးအတောနှင့် အဆက် ပြတ်ကြသည်နှင့်တစ်ပြိုင်နက် ထိုသို့အဆက်ပြတ်သော တိုင်းပြည်သည် နောက်ကျကျန်ရစ်ဖို့သာ ရှိလေသည်။ အတိုင်းတိုင်း အပြည်ပြည်ပင် ရှေ့သို့ တိုး၍တိုး၍သာ စိုင်းပြင်းပြေးလွှားသွားနေသည့် အချိန်ကာလကြီး

mgyoe.com

၍ နောက်ကျကျန်ရစ်သော တိုင်းပြည်သည် အောက်ကျသွားဖို့သာ ရှိတော့လေသည်။ အောက်ကျသောတိုင်းပြည်သည် အထက်ကျသော တိုင်းပြည်များနှင့် အတူတကွ ကမ္ဘာ့စည်းစိမ်ဥစ္စာရတနာများကို လူတန်းစေ့ ခံစားသုံးဆောင်နိုင်ခွင့် မရှိပေ။ အခြားနိုင်ငံများနှင့် အမီမလိုက်နိုင်သည်နှင့်တစ်ပြိုင်နက် ကမ္ဘာကြီး၏အဆီအနှစ်များကို ရှေ့က လျှောက်နှင့်သော တိုင်းပြည်များက စားနှင့် မျိုနှင့်၍ နောက်တိုင်းပြည်အတွက် အကြည်အသာဖယ်မပေးဘဲ နေတတ်သည့်အတိုင်း တစ်နိုင်ငံလုံး ဆင်းရဲကျဉ်းမြောင်းခြင်းတွေကို ထောက်ချင့်၍ ရှေ့ဆုံးကျသော နိုင်ငံဖြစ်ဖို့ ယုတ်စွအဆုံး အခြားနိုင်ငံများထက် နောက်မကျစေရဘဲ အမီလောက်နေနိုင်သည့် နိုင်ငံဖြစ်ဖို့ အရင်းအားဖြင့်လည်းကောင်း၊ အထူးအားဖြင့်လည်းကောင်း လိုအပ်သောအရာများတွင် သတင်းစာအခြေခံပညာတစ်ရပ်သည်လည်း အပါအဝင် ဖြစ်ပေသည်။

သတင်းစာကောင်းတစ်စောင်ဖြစ်ဖို့ရန် သတင်းစာအခြေခံပညာ ဗဟုသုတ ကြီးမားလှမှသာ ဖြစ်နိုင်ဖို့ရန် ရှိလေသည်။ အဘက်ဘက်က ကျယ်ဝန်းလှသည့် ဗဟုသုတရှိမှသာလျှင် တင်တင်ကြိုကြို သိမြင်နိုင်ခြင်း၊ လုပ်ကိုင်နိုင်ခြင်း ရှိပေမည်။ သူတစ်ပါး အိပ်မောကျနေစဉ် ကိုယ်က တွေးနှင့်၍ သူတစ်ပါး တွေးနေစဉ် ကိုယ်က ကောင်းစွာလုပ်ကိုင်ခြင်း ရှိနေနှင့်လျှင် သူတစ်ပါးသည် ကိုယ့်ကို ကျောနိုင် ကျော်နိုင်ခွင့် မရှိတော့ပေ။

သတင်းစာအခြေခံပညာ ဗဟုသုတသည် ကိုယ်တွေ့ သူတွေ့၊ ကိုယ်၏လက်ငင်းတွေ့ နောက်တွေ့၊ သူ၏လက်ငင်းတွေ့ နောက်တွေ့ များကို သေချာစေ့ငု လေ့လာမှသာလျှင် အခြေခံရနိုင်သော ပညာဖြစ်လေသည်။ ဤအခြေခံမျိုးရှိမှ ထိထိရောက်ရောက် ကြံဆနိုင်ပေမည်။ ထိထိရောက်ရောက် ကြံဆနိုင်မှ ထက်ထက်မြက်မြက် ဆောင်ရွက်လုပ်

mgyoe.com

mgyoe.com


ကိုင်နိုင်ပေမည်။ ထက်ထက်မြက်မြက် ဆောင်ရွက်လုပ်ကိုင်နိုင်မှ ကိုယ့်နိုင်ငံ၏ ကြီးပွားထွန်းကားခြင်း ရှိနိုင်မည်။ ယုတ်စွ တည်တံ့ခြင်း ရှိနိုင်ပေမည်။ သို့ဖြစ်၍ အကြံအတွေးဖြင့် သူတစ်ပါးထက် ကျော်အောင်ကျော်အောင် မလုပ်နိုင်မီ သူတစ်ပါးနှင့် ခေတ်မီဝံ့မျှသော အခြေခံပညာဗဟုသုတကား ရှိကြရပေမည်။ အသိချင်းတူညီသည့်အခါ အကြံကောင်းဦးစွာ ကြံဆောင်နိုင်သူသည် အကြံကောင်း မကြံဆောင်နိုင်သူများ အလျင်တင်ကြို၍ ဆောင်ရွက်စီမံလုပ်ကိုင်နိုင်ခွင့် ရရှိလေသည်။ တင်ကြို ဆောင်ရွက်လုပ်ကိုင်နိုင်ခွင့် ရရှိလိုက်သောသူသည် အဦးအဖျားကို ခံစားသုံးဆောင်ခွင့် ရရှိနိုင်လေသည်။ သို့ဖြစ်၍ ကျွန်မတို့သည် အချိန်မရွေး (၁) ကမ္ဘာနှင့် အသိချင်းတူစေရမည်။ သို့မှသာလျှင် (၂) ကမ္ဘာထက်၊ သို့မဟုတ် အများထက်၊ သို့မဟုတ် သူတစ်ပါးထက် ထိုအသိဉာဏ်အရ ကြံဆတိုးချဲ့ စေစားနိုင်မည်။ (၃) သူတစ်ပါးအကြံမရမီ ကိုယ်က ရပြီးသောအကြံကို အလုပ်ဖြစ်နှင့်အောင် လုပ်ကိုင်နိုင်ပေမည်။ သို့မှသာလျှင် (၄) သူတစ်ပါးထက်ဦး၍ ကျေးဇူးခံစားရမည်။ ယုတ်စွအဆုံးသူတစ်ပါးထက် နောက်မကျဘဲ ကျေးဇူးခံစားရချေမည်။

သတင်းစာအခြေခံပညာသည် သမုဒ္ဒရာပမာ အပြောကျယ်သည်ဟု စကားပမာ ဆိုလို၏။ ဤသို့ အသိဉာဏ်ပညာဗဟုသုတ ကြီးကျယ်စေသည့် အပြန့်ကျယ်ဝန်းလှသော ဤပညာရပ်ကြီးကို ဦးတင့်ဆွေသည် ဤစာအုပ်တွင် လုပ်ငန်းသဘောသွားများနှင့်တကွ အဘက်ဘက်က လိုလေသေးမရှိအောင် မကြွင်းမကျန် ပြည့်စုံလုံလောက်စွာ ဖော်ပြထားပြီးဖြစ်ပြီဟု မဆိုနိုင်စေကာမူ သတင်းစာနယ်ထဲသို့ ရောက်ခဲ့ရသည့် သတင်းထောက်ဘဝကလေးက အစပြု၍ သူ ကျင်လည်နေရသည့် သတင်းစာလောက သံသရာကြီးသည် အပြန့်မည်မျှကျယ်ဝန်းကာ ဖောက်မည်မျှ နက်နေကြောင်းကိုထောက်၍ ထင်ရှားစွာ ပြစွမ်း ဆောင်

mgyoe.com

mgyoe.com


သွားရှာပါပေသည်။

ဤစာအုပ်ကို ဖတ်မိသူသည် ဤစာအုပ်ကို ကုန်ဆုံးအောင် ဖတ်ပြီးသည့်နောက် လက်ထဲက ချလိုက်သည်အထိတွင် ခရီးမဆုံးစေဘဲ ဤနယ်ပယ်နယ်နိမိတ်ကြီး၏ (၁) အရှိအတိုင်းသိခြင်း၊ (၂) အရှိထက်တိုး၍ ချဲ့ထွင်သိမြင်ဖို့ရန်သိလိုခြင်း ဟူသော ဆန္ဒနှစ်ရပ် တစ်ပါတည်းဖြစ်ကြပါကုန်စေဟု ကျွန်မ ဆုတောင်းသမှု ပြုလိုက်ပါသည်။

တပေါင်းလဆန်း ၁၂ ရက်၊ ၁၃၁၁ ခု

❑

mgyoe.com

mgyoe.com

## ငွေနှင်းစိုစို မော်စကို စာအုပ်မှ
## စာရေးသူ၏ အမှာ

'ငွေနှင်းစိုစို မော်စကို' ကို မရေးသားမီ မော်စကိုခရီးစဉ်နှင့်ပတ်သက်၍ အမှာစာရေးလိုပေသည်။ မော်စကိုခရီးမှအပြန် ကျွန်မသည် ဆိုဗီယက်ယဉ်ကျေးမှုအသင်းမှ နုတ်ထွက်လိုက်သည်။ သတင်းစာကွန်ဖရင့်သို့လည်း မသွားဘဲနေလိုက်သည်။ ထိုအခါ ကျွန်မအား သို့လော သို့လော ထင်ကြ၊ ပြောကြ၊ ရေးကြသည်။

သို့လောသို့လော ထင်ကြ၊ ပြောကြ၊ ရေးကြသူများတွင် ဆိုဗီယက်ကို မလိုလားသောအပိုင်းမှ သို့လော သို့လောမျိုးလည်းပါသည်။ ဆိုဗီယက်ကို လိုလားသောအချို့အပိုင်းမှ သို့လောသို့လောမျိုးလည်းပါသည်။

သို့လော သို့လော ဆိုသည်မှာ မှန်မှန်ကန်ကန် တိတိကျကျ ရေရေရာရာ မဆုံးဖြတ်နိုင်သည့် မခိုင်လုံသော အနက်အဓိပ္ပာယ်သဘောသက်ဝင်လျက်ရှိရာ ကျွန်မသည် ယနေ့တိုင် ထိုသို့ သို့လော သို့လော

mgyoe.com

mgyoe.com


တို့နှင့်ပတ်သက်၍ တိုင်းပြည်အား အမှန်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခြင်း မလုပ်ခဲ့ပေ။ တစ်နေ့တွင် ကျွန်မအိမ်သို့ ဆိုဗီယက်သွားယဉ်ကျေးမှုအဖွဲ့ဝင် ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းသည် တကူးတကရောက်လာပြီး "အိမ်လိုချင်တာနဲ့ ဘောက်ထော်လာကြည့်တယ်" ဟု စကားစပြီးနောက် ဘာကြောင့် အသင်းမှနုတ်ထွက်သည်၊ သတင်းစာကွန်ဖရင့် မသွားသည်ကို မေးလာ၏။ သူတစ်ယောက်တည်းမဟုတ်ဘဲ သူနှင့် အဖော်တစ်ဦးလည်းပါလာ၏။ သို့သော် ထိုသူသည် မည်သူမည်ဝါဆိုသည်ကို မသိရ။ ကျွန်မနှင့် တွေ့တွေ့ချင်း အသိဖွဲ့မပေး။

အဖွဲ့ဝင်ချင်း အသိတစ်ယောက်အနေဖြင့် ကျွန်မက ရိုးသားစွာပင် အကျိုးအကြောင်းချင်းတကို အာလာပသလ္လာပ ပြောကြားခဲ့လေသည်။ တစ်နာရီခန့် ကျွန်မနှင့်ပြောဆိုပြီး ဦးအောင်သန်းက ကုလားထိုင်မှထရင်း "ဒါ ကျွန်တော့်သတင်းစာ ထုတ်တုန်းက လုပ်တဲ့အယ်ဒီတာ" ဟုပြောပြီး ပြန်သွားကြသည်။ ကျွန်မမှာ ထူးထူးဆန်းဆန်း ဦးအောင်သန်းရောက်လာပုံနှင့် အတူပါသူကို တွေ့တွေ့ချင်း မိတ်ဆက်မပေးသည်များကို တွေးရင်း ကျန်ရစ်ခဲ့သည်။

နောက်တစ်ရက်ခြား ၂၀–၁၂–၅၂ 'ဘားမင်း' သတင်းစာ၌ ကျွန်မက ဦးအောင်သန်းအားပြောပြသည့် စကားရပ်များကို ကျွန်မက ဘားမင်းနိုင်ငံရေးသတင်းထောက်နှင့် တွေ့ဆုံပြောကြားသည့်ပုံ ဖော်ပြထားသည်ကို ဖတ်ရသောအခါ ဦးအောင်သန်းက ဘားမင်းအား သတင်းပေးနည်းကို ရိပ်စားသိရှိရပါတော့သည်။

'ဘားမင်း'၌ ပါလာသည်မှာလည်း ကျွန်မ ပြောကြားသည့်စကားအချို့သာလျှင် မှန်ကန်၍ တချို့သော ကျွန်မ၏ ပင်ရင်းစကားကိုယ်ကိုဖျက်သည်များလည်း ပါသည်။ ဥပမာ– ကျွန်မက 'ပြန်လည်ထုတ်ဝေမည်ဖြစ်သော ဂျာနယ်ကျော်တွင် သံကန့်လန့်ကာ နောက်ဝယ် ဆောင်း

mgyoe.com

mgyoe.com


ပါးရှည်ကြီး ရေးသားမည်'ဟု ဖော်ပြရာ၌ လုံးဝ များယွင်းနေလေသည်။ ကျွန်မသည် 'သံကန့်လန့်ကာ' ဟူသောစကားကို သုံးနှုန်းရန် စိတ်ကူးပင်မပေါ်ခဲ့။ ဂျာနယ်ကျော်ကို ပြန်လည်ထုတ်ရန်မဟုတ်၊ ဤဂဏ္ဌဝင် ဂျာနယ်ကိုသာ ထုတ်ရန်ဖြစ်သည်။

အမှန်အားဖြင့် ကျွန်မသည် မော်စကိုမှပြန်လာမှ ဘယ်သတင်းထောက်၊ ဘယ်သတင်းစာဆရာနှင့်မှ မတွေ့ခဲ့ပေ။ ဘားမင်းတွင် ပါလာပြီးနောက် ဒေးလီးဂေဇက်မှ သတင်းထောက်၊ ဗမာ့ခေတ်မှ အောင်ဗလစသူတို့ လာမေးကြသည်။ ကျွန်မသည် သတင်းထောက်များနှင့်တွေ့ရန် မရည်ရွယ်ကြောင်းရှင်းပြကာ...

"လိုအပ်လျှင် သတင်းစာဆရာကွန်ဖရင့်ခေါ်ပါ့မယ်" ဟု ပြန်ကြားခဲ့လေသည်။

ဆိုဗီယက်နိုင်ငံ၏ အကြောင်းအရာနှင့်စပ်လျဉ်း၍ ယခုခေတ်တွင် ဟုတ်တိုင်းမှန်ရာကို သိရန်မလွယ်လှ။ ဆိုဗီယက်လိုလားသည့် အချို့အပိုင်းကလည်း ဆိုဗီယက်ကို အမွှမ်းတင်လွန်း၏။ ဆိုဗီယက်ဆန့်ကျင်ရေးသတင်းစာပိုင်းကလည်း ဆိုဗီယက်နှင့်ပတ်သက်၍ မကောင်းသတင်းကိုသာလျှင် ရှာနေတတ်ကြသည်။ ဆိုဗီယက်မှ ပြန်လာသူများကို မကောင်းသတင်းသာလျှင် မျှော်လင့်တတ်ကြသည်။ မကောင်းသည့်သတင်းဆိုလျှင် ရှေ့တန်းက ဖော်ပေးကာ အကယ်၍ ကောင်းသတင်းဆိုလျှင် 'သရော်' လိုက်တတ်ကြသည်ကို တွေ့ရသည်။

ကျွန်မအဖို့မှာကား စာရေးဆရာမတစ်ဦးအနေနှင့် အမွှမ်းတင်ရန်လည်း မနှစ်သက်၊ အပြစ်ရှာရန်လည်း အလိုမရှိ၊ မဖွဲ့မနွဲ့ မနှိပ်မဖိ ဟုတ်တိုင်းမှန်ရာသာလျှင် ရေးသားရမည်ဖြစ်သည်။

ဘာကြောင့် ဗမာ–ဆိုဗီယက်ယဉ်ကျေးမှုအဖွဲ့မှ နုတ်ထွက်သည်၊ ဘာကြောင့် သတင်းစာကွန်ဖရင့်သို့ မသွားသည်များကို ထုတ်ဖော် ရှင်း

mgyoe.com

လင်းပြောဆိုရမည်ဆိုလျှင် မော်စကိုသွား ကျွန်မ ကိုယ်တွေ့ရေးသားမည့် ဆောင်းပါးကြီးတွင် ပါရှိမည့်အကြောင်းအရာများကို ဆောင်းပါးမရေးခင် ဖွဲ့နုတ်ပေးရမည်ကဲ့သို့ ဖြစ်နေခြင်းကြောင့် လိပ်ပတ်လည်သည်အထိ ရှင်းလင်းရန် ဖင့်နွှေးနေခဲ့ခြင်းဖြစ်ပေသည်။ သူရိယသတင်းစာတွင် ကျွန်မ 'သွေးအန်သည်' ဟု မဟုတ်မမှန် ရေးသားခြင်းကို ကျွန်မလည်း လုံးဝမဟုတ်မှန်ကြောင်း စာတစ်ကြောင်းတည်းနှင့် တိုတိုတုတ်တုတ်သာလျှင် ဖြေရှင်းခဲ့၏။

ကျွန်မသည် မော်စကိုသို့ မသွားခင်ကပင် မော်စကိုမှ ပြန်လာလျှင် စာအုပ်ရေးမည်ဟု ကြံရွယ်ထားသည်။ စာအုပ်အမည်ကို ခရီးမထွက်ခင် တွေး၍သာနေမိသည်။ ရန်ကုန် မင်္ဂလာဒုံလေဆိပ်တွင် ဦးသိန်းဖေမြင့်က "လာခဲ့လော့ ခေတ်သစ်လို့ စာအုပ်ရေးပေါ့" ဟု ရယ်ရယ်မောမော ပြောလိုက်သေးသည်။

စာအုပ်ရေးရန် ကျွန်မ တွေးမိသောအမည်များမှာ 'ငြိမ်းချမ်းရေးခရီးသည်'၊ သို့မဟုတ် 'ယဉ်ကျေးမှုခရီးသည်' ဖြစ်လေသည်။ ငြိမ်းချမ်းရေးခရီးသည်ဆိုသည်မှာ ငြိမ်းချမ်းရေးကို လိုလားသောနိုင်ငံကို သွားရမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးခရီးသည်အမည်ကို ရွေးမိသည်။ ယဉ်ကျေးမှုခရီးသည်ဆိုသည်မှာ ယဉ်ကျေးမှုအဖွဲ့အနေဖြင့် လိုက်ပါသွားရခြင်းအတွက် ယဉ်ကျေးမှုခရီးသည်ဟူ၍လည်း တွေးခြင်းဖြစ်သည်။

စာအုပ်ရေးရန် ထိုအမည်များကို ရွေးထားသောခရီးသည်မှာ ခရီးလမ်းတွင် ငြိမ်းချမ်းခြင်းလည်းမဖြစ်ရ၊ ယဉ်ကျေးခြင်းလည်း မတွေ့ရ၊ မငြိမ်းချမ်းမယဉ်ကျေးခြင်းတို့ကို ကိုယ်တိုင်ကြုံတွေ့ ခံစားလာခဲ့ရ၍ ငြိမ်းချမ်းရေးခရီးသည်၊ ယဉ်ကျေးမှုခရီးသည် နာမည်နှင့် ရေးသားဖော်ပြရမည့် အကြောင်းအရာများမှာ မဆီလျော် မအပ်စပ်လှသောကြောင့် နှစ်နှစ်သက်သက် ရွေးချယ်တွေးတောထားသော နာမည်များကိုပင် စွန့်

mgyoe.com

mgyoe.com

လွှတ်လိုက်ရခြင်း ဖြစ်ပေသည်။

'ငွေနှင်းစိုစို မော်စကို' နာမည်နှင့် ရေးသားမည့် ခရီးသွားစာပေတွင် ကျွန်မ၏ ထင်မြင်ယူဆချက်များအပြင် တိုင်းပြည်လူထုကြီးက သိသင့်သိအပ်သော ကျွန်မ၏ 'ယဉ်ကျေးမှုကိုယ်စားလှယ်' အဖွဲ့ဝင်အဖြစ် တွေ့ကြုံရချက်များကိုပါ ဖော်ပြသွားမည်ဖြစ်ပေသည်။

ဂန္ထဝင်ဂျာနယ်၊ အမှတ်(၁)၊ မတ်၊ ၁၉၅၃

❑

mgyoe.com

mgyoe.com

# ဒဂုန်တာရာ - ဒဂုန်တာရာ စာအုပ်မှ ဂျာနယ်ကျော်မမလေး၏ အမှာ

(၁)

မြန်မာစာပေသမိုင်းတွင် မိမိအတ္ထုပ္ပတ္တိကို မိမိကိုယ်တိုင်ရေးသော စာရေးဆရာမှာ နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်းတစ်ယောက်သာ ရှိဖူးသေးသည်။ စာရေးဆရာကြီး ပီမိုးနင်းရေးသားသော အတ္ထုပ္ပတ္တိကြီးကို ကျွန်မက မမျှော်လင့်ဘဲ ရိုက်နှိပ်ထုတ်ဝေခဲ့ရဖူးသည်။

ယခုလည်း ဒဂုန်တာရာ၏ 'ဒဂုန်တာရာ' ကို ပုံနှိပ်ထုတ်ဝေလိမ့်မည်ဟု တစ်ခါမျှ မမျှော်လင့်မိခဲ့ဖူးဘဲနှင့် ရိုက်နှိပ်ထုတ်ဝေရလေသည်။

ပီမိုးနင်း၏ ပီမိုးနင်းကို ကျွန်မ ရိုက်နှိပ်ထုတ်ဝေလိုက်စဉ်က စာရေးဆရာမှာ ကွယ်လွန်သွားလေပြီ။

ယခုစာအုပ်မှာကား စာရေးဆရာမှာ အသက်ရှင်လျက်ရှိသည်။ ဤအချက်ကား စာအုပ်နှစ်အုပ်၏ ခြားနားချက်များဖြစ်သည်။

ပီမိုးနင်းနှင့် ဒဂုန်တာရာမှာ စာရေးချင်းမတူရှိသော်လည်း အနု

mgyoe.com